
ဘာသာပြန်
မောင်သိန်းထွန်း
ဟေးလုံထိုင်မှ
အရိပ်လူ
စာစဉ်-၆

ပဟေးလုံထိုင်မှ အရိပ်လူ
(စာစဉ်-၆)

အပိုင်း (၅၅)

*

**'ချက်ချင်း သေဒဏ်ပေးမယ် ဟုတ်လား။ ဒီထောင်ထဲမှာတင် ငါ ယွင်အောက်ထျန်းကို သတ်တော့မလို့လား။'**

ယွင်ကျိုးဟဲ့သည် လက်နှစ်ဖက်ကို အမြန်မြှောက်လိုက်ပြီး အော်ဟစ်လိုက်သည်။ "ကျုပ်... ကျုပ် အပြစ်ကို ဝန်ခံပါ့မယ်။ ကျင်းကျိုးယွဲ့ကို သစ္စာဖောက်ပါ့မယ်။ သခင်မနင်ချင်း ရှေ့မှာ အကုန် ဖွင့်ချပါ့မယ်။ အမှိုက်ပုံကို ကျင်းကျိုးယွဲ့

ခေါင်းပေါ် တင်ပေးပါ့မယ်။ ဒါဆိုရင် လေခွင်းမြို့ သေချာပေါက် ပျက်စီးသွားမှာပါ။ ကျုပ်က ကျင်ယီဝေ တတိယ တပ်မှူးချုပ်လေ။ ကျုပ်စကားက ပိုလေးနက်မှာပါ။"

စစ်သည်က အေးစက်စွာ ပြုံးလိုက်၏။ "မင်းက တော်တော် ဉာဏ်ကောင်းတဲ့လူပဲ။"

ယွင်ကျုံးဟဲ့က မေးလိုက်သည်။ "ကျင်းကျုံးယွဲ့ကို သစ္စာဖောက်ပြီး စွပ်စွဲလိုက်ရင် ကျုပ် အသက်ရှင်ခွင့် ရမယ် မဟုတ်လား။"

စစ်သည်က ဖြေလိုက်၏။ "ဒါပေါ့။ အသက်ရှင်ခွင့် ရရုံတင် မကဘူး။ ငွေတွေ အများကြီးပါ ရအုံးမှာ..."

ယွင်ကျုံးဟဲ့က မေးလိုက်သည်။ "အရာရှိ ဆက်လုပ်ခွင့် ရမလား။"

စစ်သည်၏ မျက်လုံးများ အရောင်လက်သွား၏။ ထို့နောက် ရယ်မောက ပြော

လိုက်၏။ "စဉ်းစားပေးလို့ ရပါတယ်။ ဒါပေမဲ့ ကောင်းကျိုးကြီးကြီး တစ်ခုတော့ လုပ်ရလိမ့်မယ်။ အခု မင်းကို သခင်မနင်ချင်းနဲ့ မဟာမိတ်အဖွဲ့က အရာရှိတွေဆီ ခေါ်သွားမယ်။ ဘယ်လိုပြောရမလဲ ဆိုတာ သိတယ် မဟုတ်လား။"

ယွင်ကျုံးဟဲ့က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ "သိပါတယ်။ သိပါတယ်။"

စစ်သည်က သတိပေးလိုက်၏။ "တစ်ခုပဲ မှတ်ထား။ မင်းခေါင်းကို လေးနဲ့ အမြဲတမ်း ချိန်ထားလိမ့်မယ်။ စကားတစ်လုံး မှားတာနဲ့ ချက်ချင်း သေမယ်။ အသက်ရှူချိန်တောင် ရမှာ မဟုတ်ဘူး။ နားလည်လား။"

ယွင်ကျုံးဟဲ့က ပြောလိုက်သည်။ "နားလည်ပါပြီ။ ကျုပ်က ကြက်ကလေး တစ်ကောင်တောင် မသတ်နိုင်တဲ့လူပါ။ ကျုပ် ဘာပဲလုပ်လုပ် ခင်ဗျားတို့ သတ်ချင်ရင် သတ်လို့ ရနေတာပဲ။"

စစ်သည်က ယွင်ကျိုးဟဲ့ကို ထောင်ထဲမှ ခေါ်ထုတ်သွား၏။

ရဲတိုက် တစ်ခုလုံး လုံခြုံရေး တင်းကျပ်ထားပြီး နေရာတိုင်းတွင် စစ်သည်များ ရှိနေသည်။ အခြေအနေ ပိုမို တင်းမာလာပုံ ရသည်။

.................

နင်ချင်း၏ စာကြည့်ခန်းသို့ နောက်တစ်ကြိမ် ရောက်လာ၏။

အခန်းကို သန့်ရှင်းရေး လုပ်ထားပြီး ဖြစ်သည်။ အမွှေးနံ့သာများ ထွန်းထားသည်။

လိုက်ကာ အပြင်ဘက်တွင် အရာရှိအချို့ ထိုင်နေကြသည်။ မဟာမိတ်အဖွဲ့မှ အဖွဲ့ဝင်များ ဖြစ်ပုံရ၏။

တံခါးဝတွင် အထူးစစ်သည် ၄ ဦး ရပ်စောင့်နေသည်။

အခန်းလယ်တွင် ဒဏ်ရာဗရပွနှင့် အမျိုးသမီး

၂ဦး ဒူးထောက်နေ၏။

**'ဒါ ဖမ်းမိထားတဲ့ သူလျှိုတွေလား။'**

ကုတင်ပေါ်တွင် နှင်ချင်း ငြိမ်သက်စွာ ထိုင်နေသည်။

ယွင်ကျုံးဟဲ့ကို အခန်းထဲ တွန်းပို့လိုက်ကြ၏။

နှင်ချွဲက စာအုပ်တစ်အုပ်ကို ယွင်ကျုံးဟဲ့ ရှေ့သို့ ပစ်ချလိုက်သည်။ လျှို့ဝှက် သင်္ကေတများဖြင့် ရေးသားထားသော စာအုပ်ဖြစ်သည်။

"ယွင်အောက်ထျန်း... ရှင့်ရှေ့မှာ ဒူးထောက်နေတဲ့ မိန်းမ ၂ယောက်က သခင်မနားမှာ ပုန်းနေတဲ့ သူလျှိုတွေပဲ။ တစ်ယောက်က မီးဖိုချောင်က၊ တစ်ယောက်က သန့်ရှင်းရေးသမား။ ဒါ သူတို့ မှတ်တမ်းတင်ထားတဲ့ စာအုပ်ပဲ။"

နှင်ချွဲက အေးစက်စွာ ပြောလိုက်၏။ "သခင်မကို အဆိပ်ခတ်တာ ဒီ ၂ယောက်ပဲ ဖြစ်ရမယ်လို့ သံသယ ရှိတယ်။"

ယွင်ကျုံးဟဲ့ တိတ်ဆိတ်နေသည်။

နင်ချွဲက မေးလိုက်၏။ "ရှင်က ကျင်ယီဝေ တတိယ တပ်မှူးချုပ်ပဲ။ ဒီသင်္ကေတတွေကို နားလည်မှာပါ။ ပြောစမ်း။ ဒါ ဘာလဲ။"

ယွင်ကျုံးဟဲ့က ဖြေလိုက်သည်။ "ဒါ... ဒါ လေခွင်းမြို့ သွေးနက်ဂိုဏ်းရဲ့ လျှို့ဝှက်ကုဒ်တွေပါ။ သခင်မရဲ့ နေ့စဉ်လှုပ်ရှားမှုတွေကို မှတ်တမ်းတင်ထားတာပါ။ ဥပမာ - မျက်နှာအရောင်၊ ဆံပင်ကျွတ်တာ၊ ရာသီလာတာ စသဖြင့်ပေါ့။"

နင်ချွဲက အတည်ပြုလိုက်၏။ "ဒါဆိုရင် ဒီ ၂ ယောက်က လေခွင်းမြို့က လွှတ်လိုက်တဲ့ သူလျှိုတွေ ဆိုတာ သေချာတာပေါ့။"

ယွင်ကျုံးဟဲ့က ဖြေလိုက်သည်။ "ဟုတ်ပါတယ်။ သူတို့က သွေးနက်ဂိုဏ်းရဲ့ သူလျှိုတွေပါ။"

နင်ချွဲ၏ မျက်နှာထား ပြောင်းလဲသွား၏။ "ထင်တဲ့အတိုင်းပဲ။ ယွင်အောက်ထျန်း... ရှင် အသက်

ရှင်ချင်ရင် အပြစ်ကို ဆေးကြောတဲ့ အနေနဲ့ အကုန်လုံး ဖွင့်ပြောပြရမယ်။"

ယွင်ကျုံးဟဲ့က ပြောလိုက်သည်။ "ကောင်းပါပြီ။ ကျုပ်တို့က အရင်ဆုံး လူလွှတ်ပြီး သခင်မကို အဆိပ်ခတ်ခိုင်း ပါတယ်။ ပြီးတော့မှ ကျုပ်က လာကယ်ပါတယ်။ ဒါမှ သခင်မက ကျေးဇူးတင်ပြီး အစီရင်ခံစာ ရေးတဲ့အခါ ကျုပ်တို့ဘက် ပါလာမှာပေါ့။ ပြီးတော့ အဆိပ်ခတ်တဲ့ အမှုကို ရှီးယွီမြို့က မော့မျိုးနွယ်စုအပေါ် လွှဲချလို့ ရမှာပါ။"

"တကယ့်ကို ယုတ်မာတဲ့ အကြံအစည်ပဲ။" နင်ချွဲက ပြောလိုက်၏။

ထို့နောက် ယွင်ကျုံးဟဲ့ကို စိုက်ကြည့်ကာ မေးလိုက်သည်။ "ပြီးတော့ ရှင်ရေးတဲ့ သခင်ကြီး ထိုက်အာ ကဗျာကလည်း ကြိုတင် ပြင်ဆင်ထားတာ မဟုတ်လား။ ချက်ချင်း ရေးတာ မဟုတ်ဘူး

မလား။ တကယ်တော့ ရှင်ရေးတာတောင် မဟုတ်ဘူး မလား။"

ယွင်ကျိုးဟဲ့ ကြောင်အသွားသည်။ **'ကျင်းကျိုးယွဲ့ကို သစ္စာဖောက်ခိုင်းရုံတင် မကဘူး။ ကျုပ်ရဲ့ ပါရမီရှင် ဂုဏ်ပုဒ်ကိုပါ ဖျက်ဆီးပစ်မလို့လား။'**

"ယွင်အောက်ထျန်း... ဟုတ်လား၊ မဟုတ်လား ဖြေစမ်း။"

နင်ချွဲက မေးလိုက်၏။ "အသက်ရှင်ချင်ရင် အမှန်အတိုင်း ပြော..."

ယွင်ကျိုးဟဲ့က ဖြေလိုက်သည်။ "ဟုတ်ပါတယ်။ အဲဒီကဗျာက ကျုပ် ရေးတာ မဟုတ်ပါဘူး။ အစက ရွတ်ပြတဲ့ ရိုင်းပျတဲ့ ကဗျာကအစ ကြိုတင် စီစဉ်ထားတာပါ။ သခင်ကြီးထိုက်အာ ကဗျာကလည်း ကျင်းကျိုးယွဲ့ရဲ့ ပညာရှင်တွေ ရေးပေးထားတာပါ။ သခင်မအတွက် သီးသန့်

ရေးပေးထားတာပါ။ ကျုပ်က စာမတတ်ပါဘူး။ သူတောင်းစားပါ။"

အမှန်စင်စစ် ထိုကဗျာမှာ ယွင်ကျုံးဟဲ့ ကိုယ်တိုင် ရေးသားခဲ့ခြင်းပင်။ တစ်မိနစ်မျှသော အချိန်အတွင်း သူ၏ဉာဏ်ကို အစွမ်းကုန် ကွန့်မြူးကာ ရေးဖွဲ့လိုက်ခြင်း ဖြစ်၏။

နင်ချွဲက ထပ်မေးလိုက်သည်။ "ဒါတွေ အားလုံး က သခင်မလေးကို အထင်ကြီးအောင် လုပ်ပြီး မျက်နှာရအောင် ကြံစည်တာ မဟုတ်လား။"

ယွင်ကျုံးဟဲ့က ဝန်ခံလိုက်၏။ "ဟုတ်ပါတယ်။"

နင်ချွဲ သခင်မဘက် လှည့်ပြီး ဦးညွှတ်လိုက် သည်။ "သခင်မလေး... အခု အမှန်တရား ပေါ်ပါ ပြီ။ လေခွင်းမြို့စား ကျင်းကျုံးယွဲ့က ယုတ်မာ ကောက်ကျစ်ပြီး သခင်မလေးကို ထောင်ချောက် ဆင်ခဲ့ပါတယ်။ သခင်မလေးရဲ့ စာပေ ချစ် မြတ်နိုးစိတ်ကို အခွင့်ကောင်းယူပြီး ပျားရည်

ထောက်ချောက်နဲ့ သိက္ခာချဖို့ ကြိုးစားခဲ့ပါတယ်။"

ကုတင်ပေါ်တွင် ခြင်ထောင်ချထားသောကြောင့် နင်ချင်း၏ ပုံသဏ္ဍာန်ကို ဝေဝါးဝါးသာ မြင်ရ၏။

အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးမှ သူမ၏ အသက်ရှူသံ မြန်လာသည်။ ဒေါသထွက်နေပုံ ရသည်။

နင်ချွဲက မေးလိုက်၏။ "သခင်မလေး... ဘယ်လို စီရင်မလဲ။"

ခဏကြာချိန်မှာတော့ နင်ချင်း၏ အသံထွက်လာသည်။ "အားလုံး ထွက်သွားကြ... ယွင်အောက်ထျန်းနဲ့ နင်ချွဲပဲ နေခဲ့။"

အားလုံး ထွက်သွားကြ၏။

နင်ချင်းက မေးလိုက်သည်။ "ယွင်အောက်ထျန်း... ရှင် သေချာရဲ့လား။ အဲဒီကဗျာက ကြိုတင်

ပြင်ဆင်ထားတာလား။ ရှင် ရေးတာ မဟုတ်ဘူးလား။"

ယွင်ကျိုးဟဲ့၏ နောက်ကျောဘက် မီတာ ၅၀ အကွာတွင် လေးသမားတစ်ဦးက မြားဖြင့် ချိန်ရွယ်ထား၏။

ယွင်ကျိုးဟဲ့က ဖြေလိုက်သည်။ "ဟုတ်ပါတယ်။ အားလုံးက ကြိုတင် စီစဉ်ထားတာပါ။ လေခွင်းမြို့ရဲ့ လှည့်ကွက်ပါ။"

"ယုတ်မာလိုက်တာ။ အရှက်မရှိလိုက်တာ။" နင်ချင်း တုန်ယင်စွာ ရေရွတ်လိုက်၏။

"သခင်မလေး... ဒီလို လူယုတ်မာတွေကြောင့် ကျန်းမာရေး မထိခိုက်ပါစေနဲ့။"

နင်ချွဲက ပြောလိုက်သည်။ "ဒီယွင်အောက်ထျန်းကို ဘယ်လို လုပ်မလဲ။"

"သူ့ကို ထမင်းဝအောင် ကျွေးလိုက်။ ပြီးရင် အနောက်ဘက် ထင်းမီးဖိုဆောင်ကို ခေါ်သွားပြီး

သတ်လိုက်။ မင်းကိုယ်တိုင် လုပ်... ဘယ်သူမှ မသိစေနဲ့။ သူက ကျင်ယီဝေ အရာရှိ ဖြစ်နေတယ်။"

နင်ချင်းက ထပ်ပြောလိုက်၏။ "ထင်းမီးဖို ဆောင်ကို ခေါ်သွားပြီး သတ်နော်။ ဘယ်သူမှ မမြင်စေနဲ့။"

နင်ရွှဲက ပြောလိုက်သည်။ "ကောင်းပါပြီ။"

ယွင်ကျိုးဟဲ့ အော်ဟစ်လိုက်၏။ "မတရားဘူး။ မတရားဘူး။ သခင်မ... ဝန်ခံရင် အသက်ချမ်းသာပေးမယ် ပြောထားတယ်လေ။"

သို့သော်ငြား နောက်တစ်စက္ကန့်တွင် ပါးစပ်ပိတ်ခံလိုက်ရသည်။

"ကျွန်မ သွားစီစဉ်လိုက်ပါ့မယ်။" နင်ရွှဲက ယွင်ကျိုးဟဲ့ကို ဆွဲခေါ်သွား၏။

.................

ယွင်ကျိုးဟဲ့သည် အခန်းငယ်လေး တစ်ခုထဲသို့

ရောက်သွားပြန်သည်။

သူ့ရှေ့တွင် ကြက်သား၊ ဘဲသား၊ ငါး၊ အသား ဟင်းများနှင့် အရက်တစ်အိုး တည်ခင်းထား၏။

**'ဒါ နောက်ဆုံးညစာပေါ့။'**

နင်ချွဲက ပြောလိုက်သည်။ "ကောင်းကောင်း စားထား။ စားပြီးရင် ခရီးထွက်ရတော့မယ်။ သခင် မှားရွေးမိတဲ့ ရှင့်အပြစ်ပဲ။"

ယွင်ကျိုးဟဲ့ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

သူ အရက်တစ်ခွက် ငှဲ့လိုက်သည်။ မျက်ရည် များ အရက်ခွက်ထဲ ကျသွားသည်။

သူ တကျိုက်တည်း မော့သောက်လိုက်၏။ စပ် ဖျင်းဖျင်း ခါးသက်သက် အရသာကို ခံစားလိုက် ရ၏။

တစ်ခွက်ပြီး တစ်ခွက် မရပ်မနား သောက် သည်။ အရက်ဝင်တော့ မျက်ရည်ကျလာ၏။ သူ အော်ဟစ် ငိုကြွေးလိုက်သည်။

"မတရားဘူး။ မတရားဘူး။ သခင်မကို တွေ့ချင်တယ်။ မတရားဘူး။"

"နှင်ချွဲ... ထွက်ခဲ့စမ်း။ ထွက်ခဲ့စမ်း။ ဝန်ခံရင် မသတ်ဘူး ဆို..."

.................

နာရီဝက်ခန့် ကြာချိန်မှာတော့ စစ်သည်များ ဝင်လာပြီး ယွင်ကျိုးဟဲ့ တစ်ကိုယ်လုံးကို ရှာဖွေ၏။

ဘာပစ္စည်းမှ မကျန်အောင် သိမ်းဆည်းလိုက်ပြီးနောက် ဆွဲခေါ်သွားကြသည်။

"ကျုပ်ကို သတ်တော့မလို့လား။" ယွင်ကျိုးဟဲ့ ယိုင်နဲ့နဲ့ဖြင့် မေးလိုက်၏။

မည်သူမှ ပြန်မဖြေကြချေ။

ခြံဝင်းအပြင် ရောက်ချိန်မှာတော့ နှင်ချွဲ စောင့်နေသည်ကို မြင်လိုက်ရသည်။

နှင်ချွဲက ပြောလိုက်၏။ "လူကို ကျွန်မဆီ အပ်

လိုက်..."

"ကောင်းပါပြီ။"

နင်ခွဲသည် ယွင်ကျုံးဟဲ့၏ လည်ပင်းကို ကိုင်ပြီး ကြက်ကလေး တစ်ကောင်လို ဆွဲခေါ်သွား၏။

မီတာ ၅ဝ ခန့် လျှောက်ပြီးနောက် အနောက်ဘက် ထောင့်ကျသော နေရာတစ်ခုသို့ ရောက်သွားသည်။ ထင်းမီးဖိုဆောင် ဖြစ်ပြီး အတွင်းတွင် ရေနွေးအိုးကြီး တစ်လုံး တည်ထားသည်။

နင်ချင်းက သန့်ရှင်းရေး ကြိုက်သောကြောင့် ရေနွေး အမြဲ လိုသည်။ မီးဖိုကြီးထဲတွင် မီးများ တောက်လောင်နေ၏။

"သခင်မလေးက ဘာလို့ ဒီနေရာကို ရွေးလဲ သိလား။" နင်ခွဲက မေးလိုက်သည်။

ယွင်ကျုံးဟဲ့ ခေါင်းခါလိုက်၏။

နင်ခွဲက ဖြေလိုက်သည်။ "ဘာလို့လဲဆိုတော့ အဆင်ပြေလို့လေ။ သတ်ပြီးတာနဲ့ အလောင်းကို

မီးဖိုထဲ ပစ်ထည့်လိုက်ရုံပဲ။ ပြာဖြစ်သွားရင် ဘယ်သူမှ ရှာမတွေ့တော့ဘူး။"

ယွင်ကျိုးဟဲ့က မူးနေသည့် အသံဖြင့် မေးလိုက်၏။ "ခင်ဗျားတို့ ကတိပေးထားတယ်လေ။ ကျင်းကျိုးယွဲ့ကို သစ္စာဖောက်ရင် လွှတ်ပေးမယ်ဆို..."

နင်ချွဲက လှောင်ပြုံး ပြုံးကာ ပြောလိုက်သည်။ "ရှင်က ၃ နှစ်သား ကလေးလား။ ဒီလောက်ရိုးတာလား။ သူများ ကတိပေးတိုင်း ယုံရလား။"

ယွင်ကျိုးကဲ့က မကျေမနပ်ဖြင့် အော်လိုက်၏။ "ခင်ဗျားတို့က ယုတ်မာတယ်။ ကတိမတည်ဘူး။"

နင်ချွဲက ပြောလိုက်သည်။ "ထမင်းဝအောင်ကျွေးပြီးမှ သတ်တာ ကျေးဇူးတင်သင့်တယ်။ ဒူးထောက်လိုက်... ကျွန်မ မြန်မြန် လုပ်ပေးမယ်။ တစ်ချက်တည်းနဲ့ ခေါင်းပြတ်သွားစေရမယ်။"

ယွင်ကျုံးဟဲ့က အလန့်တကြားဖြင့် ပြောလိုက်၏။ "မသတ်ပါနဲ့။ မသတ်ပါနဲ့။ ကျုပ်အသုံးဝင်ပါသေးတယ်။ မဟာမိတ်အဖွဲ့ ရှေ့မှာကျင်းကျုံးယွဲ့ကို သက်သေထွက်ဆိုပေးပါ့မယ်။ ပူးပေါင်းပါ့မယ်။ မသတ်ပါနဲ့။"

နင်ချွဲက ပြုံးကာ ပြောလိုက်သည်။ "အဲဒီလိုလုပ်ရင် ပိုကောင်းတာတော့ မှန်တယ်။ ဒါပေမဲ့ သခင်မက သတ်ခိုင်းနေတော့ လုပ်ရမှာပဲ။ သခင်မက ဒါတွေ အကုန်လုံး ကျင်းကျုံးယွဲ့ရဲ့ လက်ချက်လို့ ယုံသွားရင် ပြီးတာပဲ။ တခြား လုပ်စရာ မလိုတော့ဘူး။"

ယွင်ကျုံးဟဲ့ ရုတ်တရက် သဘောပေါက်သွား၏။ "ကျုပ်... ကျုပ် သိပြီ။ သခင်မကို အဆိပ်ခတ်တာ လေခွင်းမြို့ သူလျှို မဟုတ်ဘူး။ ခင်ဗျား... ခင်ဗျားပဲ။ ခင်ဗျားက အဆိပ်ခတ်တာ။ ခင်ဗျားက သခင်မရဲ့ လူယုံလေ။ ခင်ဗျား လုပ်မှ

အဆင်အပြေဆုံး ဖြစ်မှာ..."

နင်ခွဲ ကြောင်အသွားသည်။ "ရှင် မအဘူးပဲ။ ဒါပေမဲ့ ဝမ်းနည်းစရာက ရှင် ပြောပြစရာ လူမရှိတော့ဘူး။ ဒီနားမှာ ဘယ်သူမှ မရှိဘူး။ ရှင်အော်လည်း ဘယ်သူမှ မကြားဘူး။"

နင်ခွဲက ဓားကို ယွင်ကျုံးဟဲ့၏ လည်ပင်းပေါ်တင်လိုက်သည်။ အော်တာနှင့် လှီးပစ်မည့်သဘောပင်။

ယွင်ကျုံးဟဲ့က နားမလည်နိုင်စွာဖြင့် မေးလိုက်၏။ "ဘာလို့လဲ။ ဘာလို့လဲ။ ခင်ဗျားက သခင်မရဲ့ လူယုံလေ။ ဘာလို့ သစ္စာဖောက်တာလဲ။"

နင်ခွဲက ပြန်ဖြေလိုက်သည်။ "ဘာလို့လဲ ဟုတ်လား။ အချစ်ကြောင့် နေမှာပေါ့။"

ယွင်ကျုံးဟဲ့က မေးလိုက်၏။ "ချိုရွှေမြို့ လက်ချက်လား။"

နင်ချွဲက ခေါင်းခါလိုက်သည်။ "သူတို့က ဒီလောက် မတန်ဘူး။"

ယွင်ကျုံးဟဲ့က ထပ်မေးလိုက်ပြန်၏။ "ဒါဆို ရှီးယွီမြို့က မော့မျိုးနွယ်စုလား။"

နင်ချွဲက စိတ်မရှည်သလို ငေါက်ငမ်းလိုက်သည်။ "သေခါနီး ဘာတွေ သိချင်နေတာလဲ။"

ယွင်ကျုံးဟဲ့က ပြောလိုက်သည်။ "မဟုတ်ဘူး။ သခင်မက ကျုပ်ကို လက်ခံတွေ့ဆုံမယ် ဆိုတာ ခင်ဗျား မသိခဲ့ဘူး။ ဒါ မတော်တဆ ဖြစ်သွားတာ။ ဒါကြောင့် ခင်ဗျား အဆိပ်ခတ်တာက တခြား အကြောင်းအရင်း ရှိရမယ်။

ပထမက လေခွင်းမြို့ကို စွပ်စွဲဖို့၊ ဒုတိယက သခင်မ သေလုမျောပါး ဖြစ်နေချိန်မှာ ရှီးယွီမြို့က လူတစ်ယောက် ရောက်လာပြီး ကယ်တင်ရှင် လုပ်ဖို့၊ ဒါမှ သခင်မက ကျေးဇူးတင်ပြီး သူတို့ဘက် ပါသွားမှာ။ ဒါပေမဲ့ မထင်မှတ်ဘဲ ကျုပ်

ရောက်လာပြီး ကယ်လိုက်တော့ ခင်ဗျားက အစီအစဉ် ပြောင်းပြီး ကျုပ်နဲ့ ကျင်းကျုံးယွဲ့ ခေါင်းပေါ် ပုံချလိုက်တာ။ လေခွင်းမြို့ကို သခင်မ မုန်းသွားအောင် လုပ်တာပဲ။"

"တော်တယ်။ တော်တယ်။"

နင်ခွဲက ချီးကျူးလိုက်၏။ "ရှင် ၈၀ ရာခိုင်နှုန်း လောက် မှန်တယ်။ ရှင်က တကယ်ပဲ သူတောင်းစားလား။ ဒါပေမဲ့ ဝမ်းနည်းစရာက နောက်ကျသွားပြီ။ ငရဲရောက်မှ ယမမင်းကို ရှင်း ပြလိုက်တော့။"

နင်ခွဲ ဓားကို မြှောက်လိုက်သည်။ "ငြိမ်းချမ်းစွာ အနားယူပါတော့။ ကျွန်မကို မမုန်းနဲ့နော်။"

ဓားချက် ကျဆင်းလာ၏။

"သခင်မ နင်ချင်း.... ထွက်မလာသေးဘူးလား။" ယွင်ကျုံးဟဲ့ အော်ဟစ်လိုက်သည်။

နောက်တစ်စက္ကန့်တွင် "ရှုပ်... ရှုပ်... ရှုပ်..."

သစ်တော်သီးပန်းမိုးရှာ အဆိပ်အပ်များ ပျံထွက်လာပြီး နင်ခွဲ၏ ခန္ဓာကိုယ်ထဲသို့ အပ်များ စိုက်ဝင်သွား၏။

ယွင်ကျုံးဟဲ့ ကိုလည်း အနည်းငယ် ထိမှန်သွားသည်။

ထို့နောက် ကြမ်းပြင်ပွင့်သွားပြီး ယွင်ကျုံးဟဲ့ လွင့်စင်သွား၏။

စက္ကန့်ပိုင်းအတွင်း နှစ်ယောက်လုံး ကြမ်းပြင်ပေါ် လဲကျသွားသည်။

ထင်းမီးဖိုဆောင်၏ ထောင့်တစ်နေရာမှ လှျို့ဝှက်တံခါး ပွင့်လာပြီး လူရိပ်များ ထွက်ပေါ်လာ၏။

ခေါင်းဆောင်မှာ မုဆိုးမ နင်ချင်း ဖြစ်သည်။

နင်ခွဲ လဲကျနေသော်လည်း မျက်လုံးများ ပြူးကျယ်နေပြီး မြင်ကွင်းကို မယုံနိုင်အောင် ဖြစ်လို့နေလေ၏။

‘ငါ… ငါ အိပ်မက် မက်နေတာလား။ အိပ်မက်ဆိုး မက်နေတာလား။ မြန်မြန် နိုးထချင်လိုက်တာ။’

"သခင်မ နှင်ချင်း… ကျုပ် တာဝန်ကျေပါတယ်နော်။ အမှန်တရား ပေါ်ပေါက်လာတာကို သခင်မ

ကိုယ်တိုင် ကြားလိုက်ရပြီ မဟုတ်လား။" ယွင်ကျုံးဟဲ့က ပြောလိုက်သည်။

***